# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# တတိယနေ့အစီအစဉ်

# [၂၇-၆-၂၀၁၃] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **အလယ်တောကျေးရွာ အနီးတွင် ကန်ချောင်း တစ်ဖက်ရပ်ဆည်တာတမံအား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **နောင်ခိုက်ရေထွက် အား လျှိုပိတ်ဆည်အဖြစ် ဆောက်လုပ်ပေးရန်နှင့် နောင်ဗိုတစ်ဖက် ဆည်ကန်အား ပြန်လည်တူးဖော် ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ထုံးကျိန်လွင်ပြင်ဒေသအား အစိုးရတာတမံအဖြစ် သတ်မှတ်ပြီး ရေငံတာတမံ တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးမောင်ညို၊ စစ်တွေ မဲဆန္ဒနယ်၏ **ဦးဥတ္တမ ပန်းခြံအဖြစ် ယခင်က ကဲ့သို့ ကန်တော်မင်၌ ပြန်လည်ထားရှိမည် ဆိုပါက မည်သည့် ခုနှစ်တွင် အကောင်အထည်ဖော်ပါမည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) သူရဦးအေးမြင့်၊ ဝက်လက် မဲဆန္ဒနယ်၏ **ရွှေဘိုခရိုင်အတွင်းရှိ မြေသားအသစ်တင်၍ ပြုပြင် ပြီးစီးခဲ့သော တူးမြောင်းဘောင်ခင်း လမ်းများတစ်လျှောက် ဂျင်းကျောက်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏ **ကဝမြို့နယ်အတွင်းရှိ ကျေးရွာ များအား ရေကန်များ တူးဖော်ဆောင်ရွက်ပေးမည် ဆိုပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **ကွင်းချောင်းရေ တိုက်စားမှုကြောင့် လက်ပံကုန်းရွာနှင့် ကျောက်ကြီးကားလမ်း တို့မှာ ပျောက်ကွယ်သွားနိုင်သဖြင့် ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **မြို့တွင်း ဖြတ်သန်း စီးဆင်းလာသော ဘုန်းချောင်းကမ်းပါး ဝဲ/ယာအား အခိုင်အမာ တာဖို့မြှင့်တင်ပေးခြင်း ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စျ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သနပ်ပင်မြို့နယ်တွင် တူးဖော် ပေးခဲ့သော တူးမြောင်းကြီးများတွင် ရေထိန်း အဆောက်အဦများ၊ ရေတံခါးများနှင့် ရေင်တားတမံများ အမြန် တည်ဆောက်ပေးရန် နှင့် ရေစီးရေလာပိတ်ဆို့၍ ငါးဖမ်းသည့် လုပ်ငန်းများအား ဥပဒေနှင့် အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်၏ **(၈) ရပ်ကွက်၊ ၂၄ –လမ်း၊ အထက်လမ်းကို ယခု ဘဏ္ဍာရေးနှစ်(၂၀၁၃–၂၀၁၄)တွင် ပြီးစီးအောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ ပို့ဆောင်ရေးဝန်ကြီးဌာနက **"မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း "** ကို တင်သွင်းခြင်း။

၉။ **" မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း "** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **"မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း "** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း။

၁၁။ ပို့ဆောင်ရေးဝန်ကြီးဌာနက **"ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၁၂။ **"ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ က ဖတ်ကြား ရှင်းလင်းခြင်း။

၁၃။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **“ ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်း”** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။